# ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များပြဋ္ဌာန်းသည့် ဥပဒေ၏နည်းဥပဒေများကိုပြင်ဆင်သည့် နည်းဥပဒေ

# ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များ ပြဋ္ဌာန်းသည့် ဥပဒေ၏ နည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ

[၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော်နည်းဥပဒေ အမှတ် ၂]

## နိဒါန်း

အလုပ်သမားများသည် မမာမကျန်းဖြစ်သည့်အခါတွင် ဆေးလက်မှတ် ခွင့်ရက်များကိုစတင်ခံစားသည့်နေ့မှ သုံးရက်အတွင်း သက်ဆိုင်ရာရာပေးမြဲ လစာငွေ၏ ထက်ဝက်၊ သို့မဟုတ် အခကြေးငွေ၏ ထက်ဝက်ဖြင့် ခံစားနေကြရာမှ သက်ဆိုင်ရာရာပေးမြဲလစာ၊ သို့မဟုတ် အခကြေးငွေဖြင့် ခံစားနိုင်ရန်အတွက် ပြည်သူ့လွှတ်တော်သည် အောက်ပါ နည်းဥပဒေများကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤနည်းဥပဒေများကို ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များပြဋ္ဌာန်းသည့်ဥပဒေ၏ နည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများဟုခေါ်တွင်စေရမည်။

၂။ ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များ ပြဋ္ဌာန်းသည့်ဥပဒေအရ၊ နည်းဥပဒေများဟု သတ်မှတ်ခဲ့သော ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက် အက်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(၁)၏ ခြွင်းချက်တွင် "အဆိုပါခွင့်ရက်ပေးရာတွင် သုံးရက်ဆိုင်းငံ့ပြီးမှပေးရမည်။ ထိုသို့ ဆိုင်းငံ့ရသည့်သုံးရက်အတွက် ထိုအလုပ်သမားအား သက်ဆိုင်ရာရာပေးမြဲ လစာငွေ၏ထက်ဝက်၊ သို့တည်းမဟုတ် ပေးမြဲ အခကြေးငွေ၏ ထက်ဝက်ပေးရမည်။" ဟူသည့်စကားရပ်ကိုနုတ်ပယ်ရမည်။